# ကယားပြည်နယ် ခုနစ်စဉ်ကြယ်

ရဲထွန်း

# ကယားပြည်နယ် ခုနစ်စဉ်ကြယ်

ရဲထွန်း

ယခင်လထုတ် "စန္ဒာ"ရုပ်စုံမဂ္ဂဇင်းအမှတ်(၅၉)တွင် "ကယားနယ်သည် (ရုံဖန်ရုံခါ မြန်မာဘုရင်အချို့၏အုပ်ချုပ်မှုအောက်မှ ကင်းလွတ်သည်များ ရှိသည်မှန်စေကာမူ)အစဉ်အမြဲ မြန်မာနိုင်ငံနှင့်နယ်မြေမပြား တသားတည်းရှိခဲ့ကြောင်း အထောက်အထား ပြည့်စုံခိုင်လုံစွာ ရှိနေကြောင်း တင်ပြခဲ့ပါ၏။

သို့သော် ဗြိတိသျှနယ်ချဲ့သမားတို့အဖို့မူကား ကယားနယ်ကို မြန်မာဘုရင်က ပိုင်သည် မပိုင်သည်၊ ကယားနယ်သည် မြန်မာနိုင်ငံ၏ထာဝရအစိတ်အပိုင်းတစ်ရပ် ဖြစ်သည် မဖြစ်သည်ဟူသည့်အချက်မှာ ပဓာနမဟုတ်၊ မိမိတို့နယ်ချဲ့နိုင်ရေး၊ စီးပွားရေးအရ ခေါင်းပုံဖြတ် ချယ်လှယ်နိုင်ရေးသည်သာ လိုရင်းအချက်ဖြစ်သဖြင့် ကယားနယ်ကို မြန်မာနိုင်ငံတော်မှ ခွဲထုတ်နိုင်အောင် ကြံဆောင်ကြိုးပမ်းခဲ့ကြလေသည်။

ဗြိတိသျှတို့က မော်လမြိုင်မှတစ်ဆင့် ကယားနယ်အတွင်းသို့ "ထောက်လှမ်းရေးအဖွဲ့များ"မကြာခဏ စေလွှတ်ခဲ့ကြသည်ကို သာယာဝတီမင်းလက်ထက်ကတည်းကပင် မြန်မာတို့က မကျေနပ်ခဲ့ကြချေ။ မင်းတုန်းမင်းတရားကြီးလက်ထက်သို့ရောက်သောအခါ မြန်မာတို့သည် ယင်းအကျိုးဆက်အန္တရာယ်ကို ကောင်းစွာသိမြင်လာသဖြင့် အရှေ့ကယားနယ်သို့ တပ်များ စေလွှတ်၍ စစ်အင်အား ဖြည့်တင်းထားခဲ့ကြလေသည်။

ကယားနယ်အနောက်ပိုင်း(ဝါ )အနောက်ကယားနယ်တွင်မူ ဗြိတိသျှတို့က မြန်မာတို့အပေါ်"လက်ဦးမှု"ရယူသွားသဖြ်င့ မင်းတုန်းမင်းတရားကြီးကိုယ်တိုင် အထူးမကျေနပ်ဖြစ်ကာ ယင်းအရေးနှင့်ပတ်သက်၍ ကန့်ကွက်ခဲ့လေသည်။ ကယားတစ်နယ်လုံးသည် မြန်မာပိုင်နယ်ဖြစ်ကြောင်း မင်းတုန်းမင်းတရားကြီးက အခိုင်အမာ ပြောဆိုသောအခါ လော့ဒ်ဒါလဟိုဇီက အင်္ဂလိပ်တပ်များကို ပြန်လည်ရုပ်သိမ်းစေပြီး အနောက်ကယားနယ်အား မြန်မာရော အင်္ဂလိပ်ပါ(မည်သူမျှ) လုံးဝပိုင်ဆိုင်ခွင့်မရှိသည့်သီးခြားလွတ်လပ်သောနယ်အဖြစ် ကျေညာလိုက်တော့၏။ (Maung Htin Aung, OP. Cit, P.64)

မြန်မာနိုင်ငံ၏ထာဝရအစိတ်အပိုင်းတစ်ခုဖြစ်သော ကယားနယ်(အနောက်ပိုင်း)အား သီးခြားလွတ်လပ်သောနယ်အဖြစ် ကျေညာလိုက်ခြင်းကား ကယားနယ်ကို မြန်မာနိုင်ငံတော်မှ ခွဲထုတ်နိုင်အောင် အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒါလဟိုဇီ ကိုယ်တိုင် စတင်လမ်းခင်းပေးလိုက်ခြင်းပေတည်း။

(၁၈၆၆-ခုနှစ်၊ ဩဂုတ်လ ၂ ရက် ထီးနန်းလုပ်ကြံမှု၌ အရေးနိမ့်သွားခဲ့သော မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့ အင်္ဂလိပ်ပိုင်အောက်မြန်မာနိုင်ငံသို့ လွယ်လင့်တကူ ထွက်ပြေးလွတ်မြောက်ရုံသာမက မြင်ကွန်းမင်းသားအနေဖြင့် ထိုမှတစ်ဆင့် အနောက်ကယားနယ်ထဲသို့ ဝင်ရောက်ပြီး လက်နက်လူသူစုရုံးကာ မြန်မာဘုရင်ကို တော်လှန်ပုန်ကန်နိုင်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာတို့က ဗြိတိသျှတို့အပေါ် သင်္ကာမကင်းရှိခဲ့ခြင်းမှာလည်း အမှန်စင်စစ် ဤဗြိတိသျှတို့ ဖန်တီးလာသော ကယားနယ်အခင်းနှင့်ဆက်စပ်စဉ်းစားသော် ဘာမျှထူးဆန်းအံ့ဩဖွယ်ရာ မဟုတ်ပါချေ။)

အနောက်ကယားနယ်ကို မြန်မာတို့က မြန်မာနိုင်ငံ၏ထာဝရ မပြောင်းလဲနိုင်သော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်သဘောထားဆက်ဆံမြဲ ဆက်ဆံပြီး ဗြိတိသျှတို့ကလည်း ယင်းနယ်၏အရေးအခင်းများတွင် ဝင်ရောက်စွက်ဖက်မြဲ စွက်ဖက်ခဲ့ကြလေသည်။

၁၈၆၈ ခုနှစ်သို့ ရောက်သောအခါ အနောက်ကယားနယ် အကြီးအကဲဖြစ်သူ ကြယ်ဖိုးကြီး သေဆုံး၍ ကယားနယ်အရေးအခင်းလည်း တမုဟုတ်ချင်း ကြီးထွားပေါ်ပေါက်လာခဲ့တော့၏။ ကြယ်ဖိုးကြီးတွင် ခွန်တီ (Koon Tee)နှင့်ခွန်ဆာ(Koon Sha)အမည် အသီးသီးရှိ သားနှစ်ယောက် ကျန်ရစ်ခဲ့၏။ ထိုသူနှစ်ဦးစလုံးမှာ အင်္ဂလိပ်နှင့်မြန်မာတို့အငြင်းပွားလျက် ရှိသည့်မိမိတို့နယ်အရေး၌ မိမိတို့အဖို့ အကျိုးအမြတ်များနိုင်သမျှ များ

များရအောင် အခွင့်ကောင်းယူ အမြတ်ထုတ်ရန် အကြံအစည် ရှိသူများလည်း ဖြစ်၏။ ရှေ့လာဘ်ကို ကြိုတင်မြော်မြင်တတ်သူများ ဖြစ်ခဲ့ကြလေသည်။

သူတို့သည် အရှေ့ကယားနယ်အကြီးအကဲ စောလဖော်နှင့်လည်း မသင့်မြတ်ကြချေ။

၁၈၆၉ ခုနှစ်တွင် အရှေ့ကယားနယ်မှ စောလဖော်နှင့်အနောက်ကယားနယ်မှ ခွန်တီတို့သည် မန္တလေးနေပြည်တော်တို့ ရှေ့စဉ်နောက်ဆက် ရောက်လာကြ၏။ သူတို့အသီးသီး၏ပြဿနာကို မြန်မာဘုရင်၏ကြားဝင်ဖြန်ဖြေမှုဖြင့် စေ့စပ်ဖြေရှင်းရန်ပင်တည်း။(Dorothy Woodman-The Making of Burma, P.205)

ဤတွင် နေပြည်တော်ရှိ ဗြိတိသျှတို့၏နိုင်ငံရေးကိုယ်စားလှယ်(Political Agent)စလေဒင်မှာ မည်သို့မျှ ဟန်မဆောင်နိုင်တော့ဘဲ ကယားနယ်အရေးအား မြန်မာဘုရင် မင်းတုန်းမင်းတရားကြီးတစ်ဦးတည်းက ဖြန်ဖြေပေးနိုင်မည်ကို စိုးရိမ်ပြီး ထိုအတိုင်း မဖြစ်မြောက်နိုင်အောင် အလောတကြီး ကြားဝင်"ရှုပ်"လေတော့၏။

စောလဖော်အား စလေဒင်က "...ရှမ်းနယ်များကို မြန်မာအရာရှိများဖြင့် အုပ်ချုပ်ရန် မြန်မာတို့၏ကြိုးပမ်းမှု မအောင်မြင်သည်မှာ သိသာထင်ရှားသော အချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် စောလဖော်အနေဖြင့် အချိန်ဖြုန်းမနေသင့်၊ ရန်ကုန်သို့ သွားပါ၊ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးကို စေလွှတ်ပါ၊ ဝန်ရှင်တော်မင်းကြီးချုပ်(Chief Commisioner)ကို တွေ့ပြီး အနာဂတ်တွင် အင်္ဂလိပ်အစိုးရနှင့်ရင်းနှီးချစ်ကြည်စွာ ဆက်ဆံနိုင်မည့်အစီအစဉ်များ ပြုလုပ်ပါ"ဟုအကြံပြုခဲ့လေသည်။(Ibid, P.206)

ဤစလေဒင်၏အပြုအမူကား ဗြိတိသျှ"သံအရာရှိ"တစ်ဦး၏ကျင့်ဝတ်နှင့်မညီ အလွန်လျှင်ကောက်ကျစ်စဉ်းလဲရာကျရုံသာမက မြန်မာဘုရင်နှင့်မြန်မာတစ်မျိုးသားလုံး(မြန်မာနိုင်ငံဖွားတိုင်းရင်းသားအားလုံး) အပေါ် စော်ကားရာလည်း ရောက်ပေ၏။ နေပြည်တော်သို့ စောစောရောက်နှင့်သောအရှေ့ကယားနယ် အကြီးအကဲ(စော်ဘွားကြီး)စောလဖော်မှာ မြန်မာဘုရင်မင်းတုန်းမင်းတရားကြီး၏သစ္စာတော်ကို ခံယူထားပြီးသူတစ်ဦးဖြစ်သည်အားလျော်စွာ (သူ(စလေဒင်)နှင့်မတွေ့မီတစ်ရက်ကတည်းကပင် မင်းတရားကြီး၏ရှေ့တော်သို့ ဝင်ရောက်ပြီး ဖြစ်သည်ကို စလေဒင် ကြိုတင်သိမြင်ရမည်ဖြစ်သောကြောင့် ဖြစ်ပေ၏။ စောလဖော်အား မိမိအကြံပြုပြောဆိုသည်များ မင်းတုန်းမင်းတရားကြီး၏နားသို့ ပေါက်ကြားနိုင်သည်ကိုလည်း စလေဒင်ထည့်သွင်းစဉ်းစားခဲ့ရမည်ဖြစ်လေသည်။

ယခုမူ စလေဒင်မှာ ကယားတစ်နယ်လုံး မင်းတုန်းမင်းတရားကြီး၏ဩဇာခံ ဖြစ်သွားမည်ကို စိုးရိမ်ပြီး အလောတကြီး "ဝင်ရှုပ်"ခဲ့ရသဖြင့် ဘာကိုမျှ မတွေးတော မစဉ်းစားနိုင်ရှိခဲ့ရှာ၏။ ထိုစဉ်အခါက စလေဒင်ကား အရှေ့ကယားနယ်အား ဗြိတိသျှဩဇာခံ ဖြစ်လာစေလိုသဖြင့် ကယားနယ်အရေးနှင့်စပ်လျဉ်း၍ "သနားစရာသတ္တဝါတစ်ဦး"အခြေသို့ ရောက်သည်အထိ ကြားဝင်ရှုပ်ခဲ့သည်ကို တွေ့ရလေသည်။

နေပြည်တော်ရှိ ဗြိတိသျှ"သံအရာရှိ"(နိုင်ငံရေးကိုယ်စားလှယ်)စလေဒင်၏ "ရှုပ်ကွက်"တစိတ်တဒေသနှင့်စပ်လျဉ်း၍ ဆရာကြီးဒေါက်တာထင်အောင်က "စလေဒင်သည် မြန်မာတို့နှင့်ရန်တိုက်ပေးပြီး မိမိက လိုသလို အသုံးချနိုင်မည့်ရှမ်းနှင့်ကချင်အကြီးအကဲအချို့နှင့်မဟာမိတ်ဖွဲ့ရန် ကြိုးပမ်းသေးကြောင်း"ဖြင့်ရေးသားထားရှိပေသေး၏။ (Maung Htin Aung, OP. Cit, P.62 ဒေါ်ရော်သီဝုဒ်မင်း၏ထိုစာအုပ်စာမျက်နှာ ၁၈၈-၁၈၉ တွင်လည်း ကြည့်ပါရန်။)

စလေဒင်၏ရာထူးကို ဆက်ခံသူကက်ပတိန် ဂျီအေစထရိုဗာ(Capt G.A Strover)အားလည်း မင်းတုန်းမင်းတရားကြီးက "စလေဒင်သည် ကချင် ကယားများအား ကျွန်ုပ်နှင့်ရန်တိုက်ပေးခဲ့သလို ကျွန်ုပ်သည် မြန်မာပြည်သူတစ်ရပ်လုံးအား ဗြိတိသျှတို့နှင့်ရန်တိုက်ပေးရန် မည်သည့်အခါကမျှ မကြိုးပမ်းခဲ့၊ အရှေ့ကယားနယ်မှ စောလဖော်ကြီး မန္တလေးနေပြည်တော်သို့ လာရောက်၍ ကျွန်ုပ်အထံ၌ သစ္စာခံယူပြီးနောက် စလေဒင်က

စောလဖော်ကြီးအား သူနှင့်တွေ့ဆုံခွင့်ပေးရန် ကျွန်ုပ်၏ဝန်ကြီးများထံ ပန်ကြားခဲ့သည်။ ထို့နောက် စလေဒင်သည် စောလဖော်ကြီးအား ရန်ကုန်သို့ သွား၍ ဗြိတိသျှသစ္စာတော်ခံတစ်ဦး ဖြစ်လာစေလိုကြောင်း ပြောကြားခဲ့သည်"ဟုဒေါက်တာသီဟဒ်မင်းက စထရိဗာ၏ဒိုင်ယာရီအား ကိုးကားဖော်ပြထားသည်ကိုပါ တွေ့ရသေးလေသည်။(ဒေါက်တာသီဟဒ်မင်း၏ ထိုစာအုပ် စာမျက်နှာ ၂၀၇။)

ကူးသန်းရောင်းဝယ်ရေးအမည်ခံ အင်္ဂလိပ်မြန်မာစာချုပ်နှစ်ခု ချုပ်ဆိုအပြီးတွင် ဗြိတိသျှတို့သည် အကြောင်းပြချက်အမျိုးမျိုး၊ ဟန်ဆောင်မှုအဖုံဖုံဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေး၌ အစွမ်းကုန်ဝင်ရောက်စွက်ဖက်ခဲ့ကြသည်မှာ အထင်အရှားပင် ဖြစ်ပေ၏။

မြန်မာ့ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ခဲ့သည့်ထိုစဉ်အခါက ဗြိတိသျှတို့၏ရည်ရွယ်ချက်မှာ မင်းတုန်းမင်းတရားကြီး အုပ်စိုးလျက်ရှိသော(အထက်) မြန်မာနိုင်ငံတော်ကို လောလောဆယ် သိမ်းပိုက်ရန်ကား မဟုတ်သေး။ ကနဦးတွင် တရုတ်ပြည်နှင့်(ဗန်းမော်မြို့မှတစ်ဆင့်)လွတ်လွတ်လပ်လပ် ကုန်သွယ်နိုင်မည့်အခွင့်အလမ်းများ ရရန်နှင့်နောက်ပိုင်းတွင် အနောက်ကယားနယ်အား (လော့ဒ်ဒါလဟိုဇီ စတင်ခင်းပေးထားခဲ့သည့်လမ်းအတိုင်း)လွတ်လပ်သောမြန်မာနိုင်ငံတော်မှ ခွဲထုတ်နိုင်ရန် ဖြစ်ခဲ့လေသည်။

ဤရည်ရွယ်ချက်အကောင်အထည် ပေါ်အောင် ဗြိတိသျှအရာရှိများက အသွင်သဏ္ဍာန်အမျိုးမျိုး၊ နည်းလမ်းအဖုံဖုံဖြင့် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများအကြား၌ "ဝင်ရှုပ်"ခဲ့ခြင်းဖြစ်၏။ စလေဒင်သည် ၁၈၆၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် စာချုပ်အရ ဗန်းမော်(တရုတ်မြန်မာနယ်စပ်)အထိ သွားရောက်ခွင့်ရခဲ့ရာမှ ရှမ်းနှင့်ကချင်အကြီးအကဲအချို့ကို မြန်မာဘုရင်နှင့်(ကြုံကြိုက်သလို)ရန်တိုက်ပေးနိုင်ခဲ့ပြီး ၁၈၆၉ ခုနှစ်တွင် စောလဖော်နှင့်(မန္တလေးတွင်)တွေ့ဆုံသောအခါ၌ စလေဒင်က ယင်းအခွင့်အလမ်းကို အပြည့်အဝ အသုံးချနိုင်ခဲ့ကြောင်း (စောလဖော်အား "ရှမ်းနယ်များကို မြန်မာအရာရှိများဖြင့် အုပ်ချုပ်ရန် မြန်မာတို့၏ကြိုးပမ်းမှုမအောင်မြင်သည်မှာ သိသာထင်ရှားသောအချက်တစ်ခုခု ဖြစ်သည်"ဟု အစပျိုးကာ "ခြေထိုး"ပြောဆိုနိုင်ခဲ့ကြောင်း)စာရှုသူများ တွေ့မြင်ခဲ့ကြရပြီး ဖြစ်ပေ၏။

မင်းတုန်းမင်းတရားကြီးက စလေဒင်မကောင်းကြောင်းကို "ရင်ဖွင့်"ပြောဆိုခြင်းခံရသူ ကက်ပတိန်စထရိဗာကိုယ်တိုင်မှာလည်း "လူကောင်း"တစ်ဦးကား မဟုတ်ပေ။ သူသည် စလေဒင်၏လက်ထောက်အဖြစ်ဗန်းမော်မြို့တွင် နေထိုင်ပြီး မြန်မာ့အကျိုး ထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်၏။ မင်းတုန်းမင်းတရားကြီးက သူ့အား စလေဒင်မကောင်းကြောင်း ဟုတ်တိုင်းမှန်ရာကို ဖော်ထုတ်ပြောဆိုသောအခါ စထရိဗာသည် သူ့"ဆရာဘက်မှ ရှေ့နေလိုက်ပြီး အပြည့်အဝ အကာအကွယ်ပေး ငြင်းဆိုခဲ့သည်ဟုသိရလေသည်။(ထိုစာမျက်နှာ ၁၈၈-၁၉၀၊ ၂၀၇။ ဒေါက်တာထင်အောင်၏ထိုစာအုပ်၊ စာမျက်နှာ ၆၁-၆၂ တွင်လည်း ကြည့်ပါရန်)

ကယားနယ်အရေး၌ တက်ကြွစွာ ကြားဝင်"ရှုပ်"ခဲ့သူနောက်တစ်ဦးမှာ မေဂျာလွိုက်(Major Lloyd) ဆိုသူဖြစ်သည်။ သူသည် အနောက်ကယားနယ်ထဲသို့ "လမ်းရိုးရိုး"က မသွားဘဲ ဗြိတိသျှလက်တွင်းသို့ရောက်နေသည့်တောင်ငူနယ်မှတစ်ဆင့် ဝင်ရောက်ပြီး ခွန်တီနှင့်ခွန်ဆာအား မြန်မာနှင့်မသင့်မြတ်အောင် သွေးခွဲရန်တိုက်ပေးခဲ့လေသည်။

၁၈၇၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲဖြင့် တောင်ငူမြို့မှ ရေးသားခဲ့သော လွိုက်၏အစီရင်ခံစာတွင် အနောက်ကယားနယ်အရေးအခင်း ပေါ်ပေါက်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာတို့အပေါ် အပြစ်ပုံချထားသည့်အရေးအသားများ၊ အနောက်ကယားနယ်အား ဗြိတိသျှအစောင့်အရှောက်ခံအထိ ဖြစ်လာစေလိုသည့်သူ၏ဆန္ဒနှင့် အကြံပြုချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားရှိလေသည်။ (Dorothy Woodman, OP. Cit, PP. 209-210.)

## ကယားနယ် ခွဲထုတ်ခံရခြင်း

ဗြိတိသျှတို့သည် အနောက်ကယားနယ်အရေးနှင့်စပ်လျဉ်းသော ဒါလဟိုဇီ၏"ဟိုဇီ၏မူဝါဒ"ကို ဖော်ဆောင်ရာတွင် တသီးပုဂ္ဂလအနေနှင့်ရော နိုင်ငံရေးကိုယ်စားလှယ်"သံအရာရှိ"အနေနှင့်ပါ အဆီးအတားမရှိကြားဝင်"ရှုပ်"ခဲ့ကြလေသည်။ ဗြိတိသျှတို့ ဤမျှကြားဝင်"ရှုပ်"နေသည့်ကြားမှ အနောက်ကယားနယ်၌ မြန်မာတို့ဩဇာ ပိုမိုပျံ့နှံ့လာသောအခါ စလေဒင်၏ရာထူးကို ဆက်ခံသူ စထရီဗာက "အနောက်ကယားနယ်သည် သီးခြားလွတ်လပ်သောနယ်ဖြစ်သည်"ဟူသည့်ဒါလဟိုဇီ၏ယခင်ကျေညာချက်ကို ၁၈၇၃ ခုနှစ်၊ နိုဝင်ဘာတွင် ထပ်လောင်းအတည်ပြုကျေညာခဲ့၏။

မြန်မာဘုရင် မင်းတုန်းမင်းတရားကြီးကို အပြစ်တင်သည့်အနေဖြင့် မြန်မာအစိုးရထံသို့လည်း ဗြိတိသျှဝန်ရှင်တော်မင်းကြီးချုပ်က "အနောက်ကယားနယ်အား မြန်မာပိုင်ဟု အသိအမှတ် မပြုနိုင်ကြောင်း၊ အနောက်ကယားနယ်နှင့်မိမိတို့မဟာမိတ်ဖွဲ့ထားကြောင်း အကိုးအကားအထောက်အထားနှင့်တကွ အခိုင်အမာပြောဆိုကာ ပေါ်ပေါက်လာသော ပြဿနာအခက်အခဲများအတွက် မြန်မာအစိုးရတွင် တာဝန်ရှိကြောင်း"စာရေးအကြောင်းကြားခဲ့ပေ၏။(Ibid, P. 208)

ဗြိတိသျှတို့က အနောက်ကယားနယ်အရေးအခင်းမှာ ပြီးပြတ်ပြီးသားဖြစ်သည်။ အငြင်းပွားနေရန်ပင်မလို၊ ယခု မြန်မာတို့၏အပြုအမူမှာ ရှင်းပြီးသားကိစ္စကို ရှုပ်အောင် ပြန်လုပ်ခြင်းဖြစ်သည်။ ကွယ်လွန်သူပုခန်းမင်းကြီးနှင့်အင်္ဂလိပ်တို့သည် ကယားနယ်အရေး၌ အင်္ဂလိပ်တို့ကြိုက်သလို လုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူထားခဲ့ကြပြီး ဖြစ်သည်ဟုအကြောင်းပြပြောဆိုခဲ့လေသည်။ ယင်းပုခန်းမင်းကြီးကို ဗြိတိသျှတို့က မြန်မာဝန်ကြီးချုပ်ဟု သဘောထားမှတ်ယူခဲ့ကြပေ၏။ (ဒေါက်တာသန်းထွန်း၏နယ်လှည့်ရာဇဝင် အတွဲ-၃၊ စာမျက်နှာ ၂၅၂-၂၅၃ ကိုလည်း ဖတ်ရှုလေ့လာပါရန်။)

၁၈၇၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တစ်ကြိမ် စထရီဗာသည် (လော့ဒ်ဒါလဟိုဇီ ကျေညာထားခဲ့သော)ဗြိတိသျှတို့၏မူဝါဒကို ထပ်မံအတည်ပြုရာ၌ ဤအချက်ကိုပင် အလေးအနက်ပြု ဖော်ပြခဲ့ပေသည်။ စထရီဗာက "ကယားနယ်အရေးနှင့်စပ်လျဉ်း၍ ဗြိတိသျှအစိုးရ၏ဆန္ဒအတိုင်း ဖြစ်ရပါစေမည်"ဟုမြန်မာဝန်ကြီးချုပ်က နှစ်ကြိမ်တိုင်တိုင် ကတိပေးခဲ့ကြောင်းဖြင့်လည်း သတိပေးပြောကြားခဲ့ပေ၏။

မြန်မာတို့ကမူ ကယားနယ်အရေးနှင့်စပ်လျဉ်းသော စထရီဗာ၏ပထမအကြိမ် ကျေညာချက်ကို ပြန်လည်ချေပသည့်ကင်းဝန်မင်းကြီး၏၁၈၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့စွဲတပ် စာပါ သဘောသွားအတိုင်း အကြောင်းပြန်ကြားခဲ့လေသည်။ ကယားနယ်အရေးတွင် ဗြိတိသျှတို့ကြိုက်သလို လုပ်ရန် မြန်မာဝန်ကြီးချုပ်က သဘောတူကတိပြုခဲ့သည်ဆိုခြင်းမှာ လုံးဝမဖြစ်နိုင်၊ မြန်မာဝန်ကြီးချုပ်တွင် ထိုကဲ့သို့သော ကတိမျိုးပေးနိုင်သော အခွင့်အာဏာလည်း မရှိ၊ အနောက်ကယားနယ်သည် မြန်မာနိုင်ငံတော်၏နယ်မြေအစိတ်အပိုင်းဖြစ်၍ မြန်မာအစိုးရတွင် မိမိတို့ကြိုက်နှစ်သက်သလို စီမံအုပ်ချုပ်ပိုင်ခွင့် အပြည့်အဝရှိသည်ဟုအသိပေးခဲ့ပေ၏။

စထရီဗာထံ ပေးပို့ခဲ့သည့်အဆိုပါကင်းဝန်မင်းကြီး၏စာတွင် "...သင်သိရန်မှာ အရှေ့နှင့်အနောက်ကယားနယ်များကို ရှေးကတည်းကပင် မြန်မာနိုင်ငံတော်က ပိုင်ဆိုင်သည်ဟူသောအချက်ပင်ဖြစ်သည်။ အနောက်ကယားနယ်သည် မြန်မာနိုင်ငံတော်အတွင်းပိုင်းကျသော နယ်ခြားတွင် တည်ရှိပြီး ခွန်တီလည်း ထိုနယ်မှာပင် နေထိုင်လျက်ရှိ၏။ အရှေ့အနောက် ကယား-၂ နယ်စလုံးသည် မြန်မာနိုင်ငံတော်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ခြင်းကြောင့် တဖြည်းဖြည်း သစ္စာမဲ့မြိကျိုးနွံလာရေးနှင့်ယဉ်ကျေးမှု သွတ်သွင်းမြှင့်တင်နိုင်ရေးတို့အတွက် အနုအကြမ်း နည်းလမ်းမျိုးစုံဖြင့် လိုအပ်သလို စီမံဆောင်ရွက်လျက်ရှိပေပြီဖြစ်သည်။ ထို့ကြောင့် သင့်အနေဖြင့် ကယားနယ်အရေးအခင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်ထံ သင်ရေးသားပေးပို့ခဲ့သောစာတွင် ပါရှိသလို မရေးသားသင့်ဟု သိနားလည်စေလိုပါကြောင်း"ဖော်ပြပါရှိလေသည်။(Ibid, P.208)

ဗြိတိသျှဝန်ရှင်တော်မင်းကြီးချုပ်က အနောက်ကယားနယ်လက်လွှတ်ဆုံးရှုံးခံရမည်ကို စိုးရိမ်ပြီး မြန်မာအစိုးရအား ကြိုကြိုတင်တင စာရေးဟန့်တားရန် သူ့အစိုးရထံ တိုက်တွန်းတောင်းဆိုခဲ့သေးသော်လည်း ဤအချိန်တွင် ဗြိတိသျှတို့မှာ ကယားနယ်အရေးတစ်ခုတည်းနှင့်အင်္ဂလိပ်မြန်မာ"ထိပ်တိုက်"မဖြစ်စေလိုသေးသဖြင့် စထရိဗာအား မြန်မာဝန်ကြီးချုပ်ပေးထားသည့်ကတိကို မြန်မာတို့က ဖောက်ဖျက်ပစ်လိုက်၍ ဝမ်းနည်းကြောင်း၊ မြန်မာနိုင်ငံခြားရေးဝန်ကြီး(ကင်းဝန်မင်းကြီးကို ဆိုလိုသည်။) ဤကယားနယ်အရေးအခင်းနှင့်ပတ်သက်သောခံယူချက်ကို လက်မခံနိုင်ကြောင်း၊ အနောက်ကယားနယ်အား မြန်မာပိုင်ဟု အသိအမှတ်မပြုနိုင်ကြောင်းတို့ကိုသာ စာဖြင့် ရေးသားပြန်ကြားရန် ညွှန်ကြားခဲ့လေသည်။

အဆိုပါ ဗြိတိသျှအစိုးရညွှန်ကြားချက်တွင် "အနောက်ကယားနယ်အရေးနှင့်ပတ်သက်၍ လုပ်ဆောင်ရန် ရှိသည်တို့ကို မြန်မာအစိုးရအား လုံးဝအသိမပေးဘဲ စီမံဆောင်ရွက်နိုင်ကြောင်း"ဖြင့်လည်း ဖော်ပြပါရှိပေ၏။(Ibid, P.209)

ဤဗြိတိသျှအစိုးရ၏ညွှန်ကြားချက်အရ ဗြိတိသျှအရာရှိများသည် မြန်မာတို့နှင့်တိုက်ရိုက်အချင်း မဖြစ်ပွားအောင် ရှောင်ရှားပြီး အနောက်ကယားနယ်အရေး၌ ပါးနပ်လိမ္မာစွာ ကြားဝင်"ရှုပ်"ခွင့်ကို "တရားဝင်" ရရှိခဲ့ကြလေသည်။ သို့ကြောင့်ပင် မေဂျာလွိုက်သည် မြန်မာတို့ မရိပ်မိ မသိရှိအောင် အနောက်ကယားနယ်ထဲသို့ တိတ်တဆိတ် ဝင်ရောက်ပြီး မြန်မာတို့၏နောက်ကျောကို ဓားနှင့်ထိုးသကဲ့သို့သော အမှုမျိုးအား ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ပေ၏။

၁၈၇၄ ခုနှစ်၊ စက်တင်ဘာလတွင် စထရိဗာက အနောက်ကယားနယ်၏နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ခြင်းဖြင့် ပြဿနာကို ဖြေရှင်းရန် အကြံပြုတင်ပြခဲ့သေးသော်လည်း မြန်မာဘုရင်က လုံးဝလက်မခံခဲ့ချေ။ စထရိဗာသည် ၁၈၇၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တစ်ကြိမ် မိမိ၏မူလအကြံပြုချက်ကို ရှင်းလင်းတင်ပြခဲ့သေးသည်ဟု သိရလေသည်။

မင်းတုန်းမင်းတရားကြီးအနေဖြင့်လည်း ဗြိတိသျှတို့က မည်သို့ပင်အကြောင်းအမျိုးမျိုးပြ ပြောဆိုစေကာမူ မိမိပိုင်နယ်မြေနှင့်ဗြိတိသျှတို့ မတရားသိမ်းယူထားသော နယ်မြေအကြား နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေး(ဝါ )အနောက်ကယားနယ်၏နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးကို လက်မခံနိုင်ဘဲရှိပြီး စထရိဗာအား မြန်မာတို့က ယခုလက်ရှိအတိုင်း ဆက်လက်အုပ်ချုပ်သွားနိုင်ကြောင်း၊ အနောက်ကယားနယ်သို့ မြန်မာအရာရှိများ စေလွှတ်(အုပ်ချုပ်)ရန် အကြံအစည်မရှိကြောင်း၊ ယခုအခါ အချိန်နှောင်းသွားပြီဖြစ်၍ လက်ရှိနယ်နိမိတ်ကို ပြင်ဆင်ပြောင်းလဲနိုင်မည်ဟု လုံးဝမယူမှတ်သင့်တော့ကြောင်း ဗြိတိသျှအစိုးရ နားလည်သဘောပေါက်အောင် စာဖြင့် အနောက်ကယားနယ်အရေးတစ်ခုလုံးကို ရှင်းလင်းရေးသားခိုင်းသည်ဟုသိရပေ၏။ (Ibid, P.210)

ဗြိတိသျှနိုင်ငံရေးကိုယ်စားလှယ်သံအရာရှိဆိုသူများနှင့်တသီး(ကုန်သည်)အရာရှိများသည် လော့ဒ်ဒါလဟိုဇီ ခင်းပေးထားခဲ့သည့်လမ်းအတိုင်း အနောက်ကယားနယ်ကို မြန်မာနိုင်ငံတော်မှ ခွဲထုတ်နိုင်အောင် နည်းလမ်းမျိုးစုံဖြင့် မည်မျှလောက် ကြိုးပမ်းသော်လည်း (လောလောဆယ်တွင်) အရာမရောက်၊ အနောက်ကယားနယ်သည် မြန်မာနိုင်ငံတော်၏နယ်မြေအစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိမြဲ တည်ရှိနေသေးသဖြင့် နောက်ဆုံး၌ ဗြိတိသျှအစိုးရကိုယ်တိုင် ကယားနယ်အရေး၌ ကြားဝင်စွက်ဖက်ရတော့မည့်အခြေအနေသို့ ဆိုက်ရောက်လာခဲ့ပေတော့၏။

ကယားနယ်အရေး၌ ဗြိတိသျှအစိုးရ ကြားဝင်မစွက်မီ ၁၈၇၅ ခုနှစ်၊ မတ်လတွင် မင်းတုန်းမင်းတရားကြီးက စေလွှတ်လိုက်သောမြန်မာကိုယ်စားလှယ်တစ်ဖွဲ့သည် ကာလကတ္တားမြို့သို့ ရောက်လာ၍ ဗြိတိသျှအာဏာပိုင်များနှင့်တွေ့ဆုံဆွေးနွေး၏။ မြန်မာတို့က ဗြိတိသျှတို့တွင် အနောက်ကယားနယ်အား လွတ်လပ်သောနယ်အဖြစ် အခိုင်အမာပြောဆိုနိုင်မည့်သက်သေခံအထောက်အထားစာချုပ်စာတမ်း မရှိကြောင်း ညွှန်ပြပြော

ဆိုသောအခါ ဗြိတိသျှတို့က အချက် ၅ ချက်ကို ထောက်ပြပြီး အနောက်ကယားနယ်သည် သီးခြားလွတ်လပ်သည်ဟုတင်းတင်းမာမာ ပြောဆိုခဲ့ကြလေသည်။ ဗြိတိသျှတို့၏ (အနောက်ကယားနယ် လွတ်လပ်ကြောင်း)အကြောင်းပြချက် ၅ ချက်တွင် အနောက်ကယားနယ်လွတ်လပ်ရေးကို တည်တံ့အောင် ထိန်းသိမ်းရန်သည် ဗြိတိသျှတို့၏ မူဝါဒဖြစ်ကြောင်း အချက်တစ်ခုအနေဖြင့် ထည့်သွင်းပါရှိကတည်းက မြန်မာတို့အဖို့ ယင်းနယ်အရေးအခင်းနှင့်စပ်လျဉ်း၍ တရားသဖြင့် ဖြစ်စေရန် မည်သို့မျှ မစွမ်းဆောင်နိုင်တော့ပါချေ။

စင်စစ်သော် မြန်မာတို့သည် အနောက်ကယားနယ်အရေးကို မန္တလေးတွင် ဖြေရှင်းရန် ကြိုးပမ်းစဉ်ကပင် စလေဒင်နှင့်ဖက်ပြိုင်ခဲ့ရပြီး ထိုစဉ်ကတည်းက "တပန်းရှုံး"အရှုံးရပြီးသား ဖြစ်ခဲ့ကြပေ၏။ မြန်မာတို့၏ကယားနယ်အရေး ဖြေရှင်းရန် အားထုတ်မှုတွင် စလေဒင်အနေဖြင့် မည်သို့မည်ပုံ "ဝင်ရှုပ်"ခဲ့ကြောင်းကို အရှေ့ကယားနယ်စော်ဘွားကြီးစောလဖော်ကိုယ်တိုင် မင်းတုန်းမင်းတရားကြီးအား အရင်းတိုင်းပြန်လည် "ဖောက်သည်ချ"ပြီး ဖြစ်ပါလျက် စလေဒင်ကို မည်သို့မျှ အရေးမယူနိုင်ခဲ့၍ တိုင်းရင်းသားအကြီးအကဲများရှေ့မှောက်တွင် မြန်မာတို့မှာ ဂုဏ်သိက္ခာ ထိခိုက်ကျဆုံး အရှုက်ရခဲ့ပြီးဖြစ်ပေသည်။

ယခုလည်း အိန္ဒိယသို့သွားရောက်ဆွေးနွေးရာတွင် မအောင်မြင်။ ၁၈၇၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကယားနယ်အရေးဆွေးနွေးပွဲ၌ ဘာမျှအဖြေမထွက်ဘဲ ပြီးဆုံး၍ မြန်မာတို့အဖို့ နှစ်ခါအရှုက်ရရုံသာမက အနောက်ကယားနယ်အား လက်လွှတ်အဆုံးခံရမည့်ကံအကြောင်းကိုပါ ရင်ဆိုင်ကြုံတွေ့လာခဲ့ရပေတော့သည်

၁၈၇၅ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်က စေလွှတ်လိုက်သော သံအဖွဲ့တစ်ဖွဲ့သည် မန္တလေးနေပြည်တော်သို့ ရောက်လာခဲ့၏။ မင်းတုန်းမင်းတရားကြီးနှင့်ဇွန်လ ၁၇ ရက်နေ့တွင် တွေ့ဆုံခွင့်ရရှိခဲ့လေသည်။ ထိုသံအဖွဲ့၏ခေါင်းဆောင်မှာ ဆာဒေါက်ဂလပ်ဖော်ဆစ်(Sir Douglas Forsyth)ဖြစ်ပြီး သူ့အား အိန္ဒိယဘုရင်ခံချုပ်က "ဗြိတိသျှပိုင်နက်နယ်ပယ်၏တစ်ဖက်တွင် တည်ရှိသည့်ကယားနယ်အရေးနှင့်စပ်လျဉ်း၍ ဗြိတိသျှအစိုးရက မြန်မာအစိုးရနှင့်အဆက်အသွယ် ပြုလုပ်ခဲ့သည်တို့ကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရသည် အနောက်ကယားနယ်အား ရန်စကျူးကျော်ခြင်းမှ ကာကွယ်ပြီး ထိုနယ်ရှိ အကြီးအကဲများနှင့်နယ်သူနယ်သားတို့၏အကျိုးစီးပွားကို စောင့်ရှောက်ပေးနိုင်မည့်သင့်တော်သော စီမံချက်များကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနောက်ကယားနယ်နှင့်သံလွင်မြစ်အကြား ရှိသည့်အရှေ့ကယားနယ်နှင့်စပ်လျဉ်း၍လည်း ဗြိတိသျှတို့၏အကျိုးစီးပွားကို ထောက်ရှု၍ နောက်ထပ်လိုအပ်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ပါး အနောက်ကယားနယ်အရေးနှင့်ပတ်သက်သော မြန်မာအစိုးရ၏အတားအဆီးအနှောင့်အယှက်မှန်သမျှကို စစ်အပြုအမူတစ်ရပ်ဟု ယူမှတ်ပြီး ထိုက်သင့်သည်အလျောက် အရေးယူမည်ဖြစ်ကြောင်း၊ သင့်အနေဖြင့် ဤသည်၏ပဓာနအချက်ကို မြန်မာဝန်ကြီးများ သဘောပေါက်အောင် ရှင်းပြပါ၊ အနောက်ကယားနယ်အား လာရောက်တိုက်ခိုက်မှုကို တွန်းလှန်ရုံသာမဟုတ်သေးဘဲ ဗြိတိသျှအစိုးရအနေဖြင့် ပေါ်ပေါက်လာသောအခြေအနေအပေါ် မူတည်၍ အခြားလိုအပ်သလိုလည်း အရေးယူဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ အနောက်ကယားနယ် အတိုက်အခံရလျှင် အထွေထွေစစ်ပွဲကြီး ဖြစ်ပွားပြီး ယင်း၏အကျိုးဆက်အားလုံးအတွက် မြန်မာဘုရင်အပေါ် လုံးလုံးလျားလျား တာဝန်ကျရောက်လိမ့်မည်ဖြစ်ကြောင်း..."မှာထားညွှန်ကြားလိုက်ပေ၏။(Ibid, PP.211-212)

ဖော်ဆစ်ခေါင်းဆောင်သော သံအဖွဲ့ နေပြည်တော်သို့ လာရောက်ဆွေးနွေးရာမှ ပေါ်ထွက်လာသော အဖြေကား...

"ယခု ချုပ်ဆိုသော စာချုပ်အရ အနောက်ကယားနယ်ကို အင်္ဂလိပ်၊ မြန်မာ မည်သူမျှ မပိုင်သည့်သီးခြားလွတ်လပ်သော နယ်ဟု ဗြိတိသျှအစိုးရနှင့်မြန်မာအစိုးရတို့နှစ်ဦးနှစ်ဖက် သဘောတူပါကြောင်း"

ဟူသည့်စာချုပ်ဝင် သဘောတူညီချက်နှင့်ယင်းအချက်အရ အနောက်ကယားနယ်ကို မြန်မာတို့က လက်လွှတ်ဆုံးရှုံးခံရလိုက်ရခြင်းပေတည်း။(Ibid, P.212)

၁၈၇၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် မြန်မာတို့ဘက်မှ ကင်းဝန်မင်းကြီးနှင့်ဗြိတိသျှတို့ဘက်မှ ဖော် ဆစ်တို့ လက်မှတ်ရေးထိုးချုပ်ဆိုသော ဤစာချုပ်မှာ ဗြိတိသျှတို့အား ယခင်အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟို ဇီ စတင်ခင်းပေးထားခဲ့သည့်လမ်းအတိုင်း အနောက်ကယားနယ်ကို မြန်မာနိုင်ငံတော်မှ ခွဲထုတ်ဖဲ့ယူစေနိုင် သော စာချုပ်ဖြစ်၍ မြန်မာတို့အဖို့ လွန်စွာ အကျိုးယုတ်အရှက်ကွဲ ဖြစ်ခဲ့ကြရသည်ကတော့ အမှန်ပင်ဖြစ်ပေ သည်။

ယင်းစာချုပ်နှင့်စပ်လျဉ်း၍ ဒေါက်တာသန်းထွန်းက "ဒီနေရာမှာ နှစ်ဦးကတိပြုပုံတူလို့ ဘယ်ဘက်က မှ မသာဘူးမထင်ပါနဲ့၊ အင်္ဂလိပ်က သာပါတယ်။ ဘာနဲ့အလားတူသလဲဆိုတော့ နောင်အနှစ်နှစ်ဆယ်လောက် ကြာတဲ့အခါ ၁၈၉၄-၅ မှာ ကိုးရီးယားအရေးနဲ့ပတ်သက်ပြီး တရုတ်ဂျပန် စစ်ဖြစ်ပြီး စစ်ကို ရပ်စဲတဲ့အခါ ကိုရီး ယားလွတ်လပ်ရေးကို ဂျပန်ရော တရုတ်ပါ အသိအမှတ်ပြုမယ်ဆိုကြတော့ ကိုရီးယားဘဲ အချောင်ဟန်ကျ သွားသလိုလို၊ တရုတ်ရော ဂျပန်ပါ နောက်ဆုတ်ပေးရသလိုလို ထင်ရပေမယ့် တစ်ကယ်ကတော့ အရင်က ကို ရီးယားမှာ တရုတ်ဩဇာ အများကြီးရှိခဲ့ရာက အခုဂျပန်ကဝင်ပြီး တွင်ကျယ်တာဘဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ဟာ အခုကရင်နီအရေးမှာလဲ ဂျပန်က တရုတ်အပေါ်မှာ အသာရသွားပုံမျိုး ဗမာအပေါ်မှာ အသာရသွားပါတယ်" ဟု ရေးသားထားရှိသည်ကိုလည်း တွေ့ရပေ၏။(ဒေါက်တာသန်းထွန်း၊ နယ်လှည့်ရာဇဝင်၊ အတွဲ-၃၊ စာမျက် နှာ ၂၅၃။)

## တိုင်းရင်းသားများ အရေးဆိုခြင်း

မြန်မာတို့သည် အနောက်ကယားနယ်အရေးတွင် ဗြိတိသျှအစိုးရကိုယ်တိုင် ဝင်ရောက်စွက်ဖက်၍ ယင်းနယ်ကို လက်လွတ်အဆုံးရှုံးမခံခဲ့ရသည့်ပြင် မြန်မာဘုရင် မင်းတုန်းမင်းတရားကြီးကိုယ်တိုင် ပြတ်ပြတ် သားသား ပယ်ချထားသောစထရိဗာ၏နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေး အကြံပြုချက်ကိုပါ သဘောတူလက် ခံခဲ့ရသေးသဖြင့် မြန်မာနိုင်ငံတော်၏အဖိုးတန်နယ်မြေအစိတ်အပိုင်းများအား မိမိတို့အကျိုးအမြတ်ရှိမှုအပေါ် မူတည်၍ နောက်ထပ် ဖဲ့ယူနိုင်သည့်အခွင့်အလမ်းကိုပါ ဗြိတိသျှတို့က ရရှိသွားခဲ့ကြလေသည်။

၁၈၇၆ ခုနှစ်၊ မတ်လတွင် ဗြိတိသျှတို့သည် အနောက်ကယားနယ်၏နယ်နိမိတ်ကို တစ်ဖက်သတ် "စိတ်တိုင်းကျ"ပြင်ဆင်သတ်မှတ်နိုင်ပြီး ယင်းနယ်မှ အဖိုးတန်ကျွန်းသစ်နှင့်အခြားသယံဇာတပစ္စည်းမှန်သမျှ ကို လွတ်လွတ်လပ်လပ် ထုတ်ယူခွင့် ရရှိသွားခဲ့ကြပေတော့၏။

ရဲထွန်း

မှတ်ချက်။ ။၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်(၆၈)ထုတ် စန္ဒာရုပ်စုံမဂ္ဂဇင်း စာမျက်နှာ(၄၃-၄၄ မှ ၁၇၅- ၁၇၈)ထိ၌ လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။